http://www.dhammadownload.com

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၁၄)

# ကံကြမ္မာ၏ ရုပ်ပုံလွှာများ

အဂ္ဂမဟာ ပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

နတ်လှူသာဓုခေါ်စေသော်

အောင်ဓမ္မ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

http://www.dhammadownload.com

1A

http://www.dhammadownload.com

1B

http://www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ကံကြမ္မာ၏ ရုပ်ပုံလွှာများ

http://www.dhammadownload.com

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

**တရားစာအုပ်များကို**
**ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်**

http://www.dhammadownload.com

# မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၂-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၀-ပြည့်နှစ်၊ ပြာသိုလပြည့်ကျော်(၄)ရက်နေ့၊ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ် (၂) ရပ်ကွက်၊ ဘုရင့်နောင် (၄) လမ်း၊ သာသနာနုဂ္ဂဟ စနေပတ် ဆွမ်းလောင်းအသင်း၏ (၁၆) ကြိမ်မြောက် ဆွမ်းလောင်းအောင်ပွဲနှင့် ဓမ္မပူဇာသဘင် အခမ်းအနားဝယ် ဟောကြားအပ်သည့် **"ကံကြမ္မာ၏ ရုပ်ပုံလွှာများ"** အကြောင်း တရားဒေသနာတော်။

http://www.dhammadownload.com

http://www.dhammadownload.com

# ကံကြမ္မာ၏ ရုပ်ပုံလွှာများ

သံသရာကျင်လည်နေရတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ အတိတ်ဘဝတွေက မိမိတို့ လုပ်ခဲ့တဲ့ ကောင်းကံ မကောင်းကံတို့ရဲ့ ကောင်းမွေဆိုးမွေတွေကို ခံယူကြတယ်။ ထိုကံများကပေးတဲ့ ရုပ်ပုံလွှာများကို ရရှိကြတာဖြစ်တယ်။ လူတိုင်းလူတိုင်းဟာ တစ်ယောက်နဲ့ တစ်ယောက် ရုပ်ရည်ရူပကာယ မတူဘူးဆိုတာ အဲဒီသဘောကို ဆောင်တာပါ။ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံဟာ တကယ့် Creator ဖန်ဆင်းရှင် အစစ်ဖြစ်တယ်။ မိမိလုပ်ခဲ့တဲ့ ကံကြမ္မာရဲ့ ပုံရိပ်တွေနဲ့ လူလာဖြစ်လာကြတယ်, လူဖြစ်လို့ရှိရင်လဲ ပုံစံအမျိုးမျိုး ရုပ်လှတဲ့လူရှိသလို ရုပ်ဆိုးတဲ့လူရှိတယ်၊ အရုပ်ထွားတဲ့

http://www.dhammadownload.com



လူရှိသလို အရပ်ပုတဲ့လူရှိတယ်၊ အသားမဲတဲ့လူရှိသလို အသားဖြူတဲ့လူရှိတယ်။ ဒီအနေအထားတွေရဲ့ အခြေခံ အကြောင်းတရားဟာ ဘယ်သူလဲလို့ဆိုရင် ကံကြမ္မာ ပဲ။ မိမိပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံပဲ။

ကုသိုလ်ကံ အကုသိုလ်ကံလို့ ဆိုတာဟာ အကြမ်းဖျင်း နည်းနည်းစဉ်းစားပြီး ကြည့်မယ်ဆိုရင် စိတ်ထဲမှာဖြစ်ပေါ်တဲ့ အကုသိုလ်ကံက သုံးမျိုး၊ စိတ် ထဲမှာဖြစ်ပေါ်တဲ့ ကုသိုလ်ကံက သုံးမျိုး၊ ဒါကိုပဲ မနောကံ လို့ပြောတာ။ စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ကံတွေ စိတ်ထဲ ဖြစ်ရုံနဲ့ပဲ ထိုကံဟာ မိမိရဲ့ စိတ်အစဉ်ထဲမှာ ကိန်းဝပ် သွားတယ်တဲ့။ အကျိုးတရားကို ထုတ်လုပ်နိုင်တဲ့ စွမ်းအားတွေ ရရှိပြီးတော့သွားတယ်။ မိမိရဲ့စိတ်သန္တာန် မှာ ဖြစ်ပေါ်လာတဲ့ အကုသိုလ်ကံ၊ စိတ်နဲ့ပြုလုပ်တဲ့ အကုသိုလ်ကံ သုံးမျိုးဆိုတာ ဘာတုန်းဆိုရင် **အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ** တဲ့ သုံးခုနော်။

**အဘိဇ္ဈာ**လို့ ဆိုတဲ့စကားလုံးက ပါဠိစကားလုံး ဖြစ်နေတယ်၊ မြန်မာလိုပြောလို့ရှိရင် **အဘိဇ္ဈာ**ဆိုတာ

http://www.dhammadownload.com



သူများပစ္စည်းကို ကိုယ့်ပစ္စည်းဖြစ်လိုတဲ့ လောဘစိတ်နဲ့ ကြံတွေးခြင်းလို့ ဒီလိုအဓိပ္ပာယ်ရတယ်။ သူများပစ္စည်းကို ကိုယ့်ပစ္စည်းဖြစ်အောင်လုပ်ဖို့ စိတ်ကူးနေတာ ဘာနဲ့ စိတ်ကူးတာတုန်း၊ လောဘနဲ့ စိတ်ကူးတာ။ အဲဒီလို စိတ်ကူးလိုက်ရုံနဲ့ပဲ သူက ကံအရာမြောက်သွားတယ် တဲ့။ အဲဒါကြောင့် မနောကံခေါ်တာ။ ပါးစပ်က ထုတ် မပြောချင်နေ၊ လက်နဲ့မလုပ်ချင်နေ၊ စိတ်ကူးလိုက်ရုံနဲ့ပဲ အဲဒီဟာ ကံအရာမြောက်သွားတယ်။ သူများပစ္စည်းကို ကိုယ့်ပစ္စည်း ဖြစ်လိုမှုဆိုတဲ့ ကြံတွေးမှုသည် **အဘိဇ္ဈာ**။ ဒါ လူတွေက တချို့က ပြောကြတယ်၊ **အဘိဇ္ဈာ** များ တယ် **အဘိဇ္ဈာ** များတယ်၊ သူများအပြစ်တွေပြောတဲ့ ပုဂ္ဂိုလ်ကို **အဘိဇ္ဈာ**များတယ်လို့ တစ်ချို့က ပြောကြ တယ်။ အဲဒါမှားပြီးတော့ ပြောနေတာ၊ **အဘိဇ္ဈာ**ဆိုတာ အဲဒါမျိုးမဟုတ်ဘူး၊ သူများပစ္စည်းကို ကိုယ့်ပစ္စည်း ဖြစ်လိုမှု ကြံတွေးမှုကို **အဘိဇ္ဈာ**လို့ ခေါ်တယ်တဲ့၊ မတရားတဲ့ လောဘတစ်မျိုးပဲပေါ့နော်။

http://www.dhammadownload.com



နောက်တစ်ခုက **ဗျာပါဒ** တဲ့၊ **ဗျာပါဒ** ဆိုတာက ပင်ကိုယ်အနေအထားက စိတ်ဖောက်ပြားနေတဲ့ အခြေအနေတစ်ခု။ **ဗျာပါဒ** ဆိုတဲ့ တရားဟာ ဒေါသပဲ၊ သို့သော် ရိုးရိုးဒေါသမဟုတ်ဘူး။ ဒီဒေါသက ဘယ်လိုတွေးတုန်းဆိုရင် လူတစ်ယောက်ကို မုန်းတဲ့စိတ်နဲ့ တွေးပြီး "ဒီလူသေသွားရင် ကောင်းမှာပဲ၊ တစ်စုံတစ်ခုဖြစ်သွားရင်ကောင်းမှာပဲ၊ ဒုက္ခရောက်သွားရင် ကောင်းမှာပါပဲ" ဆိုတဲ့ အတွေးတွေ တွေးပြီးတော့နေတဲ့ ဖောက်ပြန်တဲ့ စိတ်သဘောထားကိုသာ **ဗျာပါဒ** လို့ ခေါ်တာ။ ရိုးရိုး သားသမီးမလိမ္မာလို့ စိတ်ဆိုးတာ **ဗျာပါဒ** မဟုတ်ဘူး၊ ဟုတ်ကဲ့လား၊ ရိုးရိုးစိတ်ဆိုးတာ **ဗျာပါဒ** မဟုတ်ဘူး။ "အေး- ဒီလူ ပျက်စီးသွားရင် ကောင်းမှာပဲ၊ သေသွားရင် ကောင်းမှာပဲ၊ တစ်ခုခုဖြစ်သွားရင် ဒုက္ခရောက်သွားရင် ကောင်းမှာပဲ" လို့ ဒုက္ခရောက်စေချင်တဲ့ စိတ်သဘောထားဟာ **ဗျာပါဒ**၊ ဒီလိုတွေးလိုက်တာနဲ့ပဲ **ဗျာပါဒ** ဆိုတဲ့ ဒီမနောကံဟာ ကံအရာမြောက်သွားပြီး စိတ်အစဉ်ထဲမှာ ကိန်းသွား

http://www.dhammadownload.com



တယ်။ စွမ်းရည်သတ္တိရှိသွားပြီး အကျိုးပေးနိုင်တဲ့ အနေအထားတစ်ခုကို ရောက်သွားတယ်၊ မျိုးစေ့လေး လို အောင်သွားတာကို ပြောတာနော်။ အပင်တစ်ပင် က အသီးသီးတဲ့အခါကျတော့ အဲဒီအသီးထဲမှာ အသီး မှည့်သွားလို့ရှိရင် ထိုအသီးထဲမှာရှိတဲ့ အစေ့ကလေး ကရော မရင့်ကျက်ဘူးလား၊ မြေနဲ့ရေနဲ့ ဆုံမိသွားလို့ ရှိရင် အဲဒီ အစေ့ကလေးက အပင်ပေါက်လာတယ်၊ ဟုတ်ကဲ့လား၊ အဲဒါမျိုးလိုပဲ အခု ကံကြမ္မာဆိုတာ စိတ် ထဲမှာ ဒီအတွေးလေးတွေ တွေးလိုက်တာကနေပြီးတော့ မျိုးစေ့လေးသဖွယ် မိမိရဲ့ စိတ်အစဉ်ထဲမှာ တည်သွား တယ်။ သူ့မှာ အပင်တစ်ခုကို ထုတ်လုပ်နိုင်တဲ့၊ မျိုးစေ့ လေးမှာ အပင်ပေါက်စေနိုင်တဲ့ စွမ်းရည်သတ္တိ ရှိသလို ပဲ အခုပြောတဲ့ **ဗျာပါဒ** ဆိုတာ မနောကံအရာ ရောက် သွားပြီးတော့ အကျိုးတရားကို ထုတ်လုပ်နိုင်တဲ့ စွမ်းရည် သတ္တိတွေ သူ့မှာ ရသွားတယ်လို့ ပြောတာနော်။

နောက်တစ်ခုက ဘာတုန်းဆိုရင် **မိစ္ဆာဒိဋ္ဌိ**၊ မှားမှား ယွင်းယွင်း တွေးခေါ်မြော်မြင်မှု၊ မှားမှားယွင်းယွင်း

http://www.dhammadownload.com



တွေးခေါ် မြော်မြင်မှုဆိုတာ ဘာတုန်း၊ "အေး လောက မှာ ကုသိုလ်ဆိုတာ မရှိပါဘူး၊ ကုသိုလ်လုပ်လည်း ကုသိုလ်မရပါဘူး၊ အကုသိုလ် ဆိုတာလည်း မရှိပါဘူး၊ အကုသိုလ်လုပ်လည်း အကုသိုလ် မဖြစ်ပါဘူး၊ ဘုရား သခင် ဖန်ဆင်းထားတဲ့အတိုင်း ဘာလုပ်လုပ် ဘာမှ မဖြစ်ပါဘူး၊ သဘာဝအတိုင်း ဖြစ်နေတာပါလို့ ကံနှင့် ကံ၏အကျိုးကိုငြင်းပယ်တဲ့အမြင်မျိုး ရှိလို့ရှိရင် **မိစ္ဆာဒိဋ္ဌိ** လို့ ခေါ်တယ်။ အဲဒီ အမြင်မျိုးကို လက်ခံယုံကြည်မိပြီ ဆိုလို့ရှိရင် စိတ်ထဲမှာ ခုနက ပြောတာလိုပဲ မျိုးစေ့ ကလေးဟာ အပင်ပေါက်နိုင်တဲ့ စွမ်းရည်သတ္တိတွေ တည်သွားသလိုပဲ ထိုပုဂ္ဂိုလ်ရဲ့စိတ်အစဉ်ထဲမှာ ဟောဒီ **မိစ္ဆာဒိဋ္ဌိ**ဆိုတဲ့ ကံအရာ မြောက်သွားတဲ့။ သဘာဝတရား တစ်ခုဟာ ကိန်းဝပ်သွားတယ်တဲ့။ သက်ဆိုင်ရာ အကြောင်းတရားခြင်း ပေါင်းစုံမိသွားတဲ့အခါ သူကလဲ အကျိုးကို ထုတ်လုပ်နိုင်တယ်၊ ဒါကို အကုသိုလ် မနောကံလို့ ခေါ်တာ ဟုတ်ကဲ့လား။

http://www.dhammadownload.com



ထို့အတူပဲ ကုသိုလ်ဘက် ပြန်ကြည့်လိုက်ရင် ပြောင်းပြန်ကြည့်ပေ့ါ။ **အနဘိဇ္ဈာ** တဲ့၊ သူတစ်ပါးပစ္စည်းတွေကို မတရားလိုချင်တဲ့စိတ် သူများပစ္စည်းကို ကိုယ့်ပစ္စည်း ဖြစ်လိုတဲ့စိတ် မရှိဘူးတဲ့၊ သူ့ပစ္စည်း သူပိုင်ဆိုင်ပါစေဆိုတဲ့ စိတ်သဘောထားလေးဟာ မွန်မြတ်တဲ့ စိတ်သဘောထားဖြစ်လို့ သူကလဲ မနောကံတစ်ခု ဖြစ်တယ်၊ **အဗျာပါဒ** "ဘယ်သူမှ ဒုက္ခမရောက်ကြပါစေနဲ့၊ သတ္တဝါတွေ ချမ်းသာကြပါစေ" ဆိုတဲ့ အတွေးတွေ ရော လူတွေမှာမရှိဘူးလား၊ အေး- အဲဒီအတွေးလေးကို **အဗျာပါဒ** လို့ ခေါ်တယ်၊ **မေတ္တာ**လို့လည်း ခေါ်တယ်၊ အဲဒီ မနောကံလေးကလဲ ကံအရာမြောက်ပြီး ကောင်းကျိုးတွေကို ထုတ်လုပ်နိုင်တဲ့ အနေအထားမျိုး ရသွားတယ်။ **သမ္မာဒိဋ္ဌိ**တဲ့၊ ကောင်းတာလုပ်ရင် ကောင်းတာ ဖြစ်တယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တယ်၊ ကုသိုလ်ကံ အကုသိုလ်ကံ ဆိုတာ လောကကြီးမှာ ရှိတယ်လို့ လက်ခံယုံကြည်

http://www.dhammadownload.com



သိမြင်တာ **သမ္မာဒိဋ္ဌိ**တဲ့၊ ဒါကလဲပဲ မနောကံအရာ မြောက်တယ်၊ ဒါ ကောင်းတဲ့ဘက်က မနောကံသုံးခု။

အားလုံးချုံ့ပြီးတော့ကြည့်၊ နှုတ်ကပြောတဲ့အခါမှာ လေးမျိုး၊ ကုသိုလ်ကံက လေးမျိုး၊ အကုသိုလ်ကံက လေးမျိုး၊ မှန်တာချည်းပဲပြောတယ်၊ လိမ်မပြောဘူး၊ တစ်ယောက်နဲ့တစ်ယောက် မတည့်အောင် မလုပ်ဘူး၊ မတည့်တဲ့ပုဂ္ဂိုလ်တွေကို တည့်အောင် ညီညွှတ်အောင် စေ့စပ်ပေးတယ်၊ ဘယ်သူ့ကိုမှ မဆဲရေးဘူး၊ ယဉ်ကျေး သိမ်မွေ့တဲ့ စကားမျိုးနဲ့ပဲပြောတယ်၊ အကျိုးမရှိတာတွေ မပြောဘူး၊ အကျိုးအကြောင်း ဆီလျော်တဲ့ စကားမျိုး တွေကိုသာ ပြောတယ်။ ဟောဒါ ဝစီကံလို့ ခေါ်တယ် နော်၊ ပြောနေသည့်အတွက်ကြောင့် ပြောပြီးတဲ့ အချိန် ကနေစပြီး သူက ကံလမ်းထဲမှာ ဝင်သွားပြီတဲ့။ ကံမြောက်သွားပြီ ဆိုလို့ရှိရင် သူက ပုံရိပ်တွေကို ထုတ်ဖော်နိုင်တဲ့ အနေအထားမျိုး၊ ရုပ်ပုံလွှာကို ရွေးချယ်နိုင်တဲ့ အနေအထားမျိုး ရသွားတယ်ပေါ့။

http://www.dhammadownload.com



ထို့အတူပဲ အကုသိုလ်ဝစီကံဆိုတာ ဘာတုန်း၊ မှန်တာကို မပြောဘူး လိမ်ပြောတယ်။ တစ်ယောက်နဲ့ တစ်ယောက် မတည့်အောင် ဂုံးတိုက်တဲ့စကားတွေ ပြောတယ်၊ ရိုင်းပြလို့ လူ့နားမချမ်းသာလောက်တဲ့ စကားမျိုးတွေကို ပြောတယ်၊ အကျိုးအကြောင်း ဆီလျော်မှုမရှိတဲ့ စကားတွေကို ပြောတယ်ဆိုတာ အဲဒီလို မပြောပြောအောင် ပြောစေတတ်တဲ့ တွန်းအား စေတနာတွေဟာ ဒါ အကုသိုလ်ကံတွေပဲ၊ အဲဒီ အကုသိုလ်ကံတွေကလဲပဲ ကံကြမ္မာအရာမြောက်သွား ပြီ ဆိုလို့ရှိရင် သူကလဲ မကောင်းတဲ့ရုပ်ပုံလွှာတွေကို ဖော်ထုတ်ပေးတတ်တယ်တဲ့။

နောက် ကာယကံ၊ ကိုယ်ထိလက်ရောက်လုပ်တာ၊ စိတ်ကူးရုံနဲ့တော့ မဖြစ်သေးဘူး၊ နှုတ်က ထုတ်ပြောရုံနဲ့ မဖြစ်သေးဘူး၊ ကိုယ်ထိလက်ရောက်လုပ်ပြီ ဆိုလို့ရှိရင် ကတော့ ကာယကံမြောက်သွားတယ်၊ အဲဒါကဘာတုန်း ဆိုရင် **ပါဏာတိပါတ** သူ့အသက်ကို သတ်ခြင်းတဲ့။ ဒါလဲပဲ အမျိုးမျိုးရှိတယ်ပေါ့၊ အကောင်သေးသေး

http://www.dhammadownload.com



သတ်တာနဲ့ အကောင်ကြီးကြီးသတ်တာ၊ နောက်ပြီး တော့ သူတော်ကောင်း သတ်တာနဲ့ သူယုတ်မာ သတ်တာ၊ ဒီလိုဟာမျိုးခြင်းတော့ ကွာခြားမှုတွေ ရှိတာ ပေါ့နော်။ သို့သော် သတ်တာဆိုတာ ဘယ်အရာပဲ ဖြစ်ဖြစ် အကုသိုလ်ကတော့ ဖြစ်တာချည်းပဲ၊ အတိုင်း အတာတစ်ခု မတူတာပဲရှိတယ်၊ အေး- သတ်မှု ဖြတ်မှု ကို ကျူးလွန်လိုက်တာနဲ့ တပြိုင်နက် ကံအရာ မြောက် သွားပြီတဲ့၊ ကာယကံအရာ မြောက်သွားပြီ။ သူကလဲ မကောင်းတဲ့ ရုပ်ပုံလွှာတွေကို ထုတ်လုပ်ဖို့ အဆင်သင့် ဖြစ်သွားတယ်။

ထို့အတူပဲ **အဒိန္နာဒါန** သူများပစ္စည်းကို ယူလိုက် တယ်၊ သူများပစ္စည်းမှန်းလဲ သိတယ်၊ ရယူတယ်။ အင်္ဂါရပ်တွေ ညီသွားပြီ ဆိုလိုက်တာနဲ့ တပြိုင်နက် ဟော- **အဒိန္နာဒါန** ကံအရာ မြောက်သွားလို့ရှိရင် သူကလည်း ပုံရိပ်လွှာများကို ဖော်ထုတ်လာမယ်တဲ့။

နောက်တစ်ခုက **ကာမေသုမိစ္ဆာစာရ**၊ ကာမဂုဏ် အာရုံတွေအပေါ်မှာ မှားမှားယွင်းယွင်း ပြုကျင့်မှုတွေ

http://www.dhammadownload.com



ပေ့ါ၊ အမျိုးသား အမျိုးသမီးကိစ္စတွေနဲ့ ပတ်သက်လာတဲ့ ဒီ **ကာမေသုမိစ္ဆာစာရ** ဆိုတဲ့ ဒီ စေတနာဆိုးကလဲပဲ အကုသိုလ်ကံအရာ မြောက်လာပြီးရင် ကာယကံ မြောက်သည့်အတွက်ကြောင့် မိမိတို့ရဲ့ရင်ထဲ နှလုံးထဲမှာ အကုသိုလ်ကံရဲ့ စွမ်းအားတွေဟာ စုမိဆောင်းမိ ဖြစ်သွားတယ်တဲ့။ ဟော- ပေါင်းလိုက်တော့ ကုသိုလ်ကံ အကုသိုလ်ကံလို့ လူတွေမှာ ဒီလိုကံနှစ်မျိုးရှိလာတယ်၊ ဒါကိုပဲ **ကုသိုလ်ကမ္မပထဆယ်ပါး၊ အကုသိုလ် ကမ္မပထ ဆယ်ပါး** လို့ပြောတာ။

အဲဒီ **ကုသိုလ်ကမ္မပထတရားဆယ်ပါး၊ အကုသိုလ် ကမ္မပထတရား ဆယ်ပါး** တို့သည် မိမိတို့ရဲ့သက်ဆိုင်ရာ သက်ဆိုင်ရာအကူအညီများနဲ့ ဘဝရဲ့ ရုပ်ပုံလွှာများကို ဖော်ထုတ်နေကြတာတဲ့၊ ပြောမယ်ဆိုရင် Creater လို့ခေါ်တဲ့ ဖန်ဆင်းရှင်ဆိုတာ သူတို့ပဲ၊ တကယ့် လက်တွေ့မှာ ဖန်ဆင်းရှင်ဆိုတာ သူတို့ပဲ၊ ပန်းချီဆရာ များဟာ စုတ်ကိုကိုင်ပြီးတော့ ရုပ်ပုံလွှာများကို ရေးခြယ်လိုက်သလိုပဲ၊ လှလှလေး ရေးတဲ့အခါ လှလှ

3A

http://www.dhammadownload.com



လေး ဖြစ်တယ်၊ အရုပ်ဆိုးတဲ့ပုံရေးရင် အရုပ်ဆိုးတာ ဖြစ်တယ်၊ ပုံစံအမျိုးမျိုးထွက်တယ်နော်။ ဘဝမှာ ဒီလို ကံကြမ္မာက ရုပ်ပုံလွှာတွေကို ဖန်တီးပေးနေတာတဲ့၊ အဲဒါကြောင့်မို့လို့ ဒီဘဝမှာ လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် ရုပ်ပုံချင်း မတူတာတွေ ဖြစ်လာတယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားက **"ကမ္မံသတ္တေ ဝိဘဇတိ၊ ယဒိဒံ ဟီန ပဏီတတာယ"** ဆူကြံ့ နိမ့်မြင့် တစ်ယောက်နဲ့ တစ်ယောက် မတူညီတဲ့ အနေအထား ရောက်သွားအောင် ဘယ်သူကခွဲခြားတုန်းဆိုရင် ကံက ခွဲခြားပေးတယ်တဲ့။ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်က ဟောခဲ့တာ။ မြတ်စွာဘုရားက ဟောတာက ရှေးရှေးက သူတော်စင်တွေ ဟောခဲ့တဲ့စကားကို တဆင့်မှတ်သားပြီးတော့ ဟောတာမျိုး မဟုတ်ဘူး၊ ရှေးရှေးဘုရားတွေကနေ ဟောခဲ့တဲ့ တရားတွေကို မှတ်သားလေ့လာပြီးတော့ ဟောတာ မဟုတ်ဘူး၊ စာအုပ်စာတမ်းတွေကို ဖတ်ပြီးတော့ ဟောတာလဲ မဟုတ်ဘူး။

http://www.dhammadownload.com



မြတ်စွာဘုရားဟောတယ်ဆိုတာ ဘုရားကိုယ်တိုင် တရားမဓမ္မကို ကျင့်သုံးလို့ **ဒိဗ္ဗစက္ခု**ဆိုတဲ့ဉာဏ်ရတယ်၊ ထိုဒိဗ္ဗစက္ခုနဲ့ အလားသဏ္ဌာန်တူပြီးတော့ ထိုဒိဗ္ဗစက္ခုကို အမှီပြုပြီးတော့ ဖြစ်ပေါ်လာတဲ့ **ယထာကမ္မူပဂဉာဏ်** ဆိုတာရတယ်။ ကံတွေရဲ့အကြောင်းကိုသိတဲ့ဉာဏ်ဟာ တွဲဖက်ပြီးတော့ ပါလာတယ်၊ "ဒါလုပ်ရင် ဒါဖြစ်တယ်၊ ဟိုဟာလုပ်ရင် ဟိုဟာဖြစ်တယ်" ဆိုတာ။ သံသရာမှာ လည်နေတဲ့ သတ္တဝါတွေကို ကြည့်ပြီး ဒီသတ္တဝါကတော့ ဒါလုပ်လို့ ဒီရုပ်ပုံလွှာကို ရတယ်၊ ဟိုသတ္တဝါက ဟိုဟာ လုပ်လို့ ဟိုရုပ်ပုံလွှာကိုရတယ်ဆိုတာ မြတ်စွာဘုရား ကိုယ်တိုင် မြင်တယ်။ တယ်လီဗီးရှင်းကို ကြည့်နေရ သလို ကိုယ်တိုင်အသိဉာဏ်နဲ့ သိပြီးတော့ မြတ်စွာ ဘုရားက ဟောတာ၊ ရမ်းဟောတာ တစ်ခုမှမပါဘူး။

**ထရုပ်ဒီရှင်း–** အစဉ်အလာအရ ဟောတာလဲ မဟုတ်ဘူး၊ တစ်ဆင့်ကြားစကားကို ဟောတာလဲ မဟုတ်ဘူး။ ကိုယ်တိုင်သိပြီးတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဟောတော်မူတာ ဖြစ်တယ်။

http://www.dhammadownload.com



**ယထာကမ္မူပဂဉာဏ်တော်**လို့ ခေါ်တယ်၊ ကံ,ကံ၏ အကျိုးတွေကို ကိုယ်တိုင်သိမြင်ပြီး သတ္တဝါတွေရဲ့ အနေအထားဟာ ဒီသတ္တဝါဟာ ဘာကြောင့် အခုလို ဒုက္ခရောက်နေရသလဲ ကြည့်လိုက်တဲ့အခါ ဪ- ဒီသတ္တဝါဟာ လွန်ခဲ့တုန်းက ဘာလုပ်ခဲ့တယ်ဆိုတာကို အကျိုးတွေကိုကြည့်ပြီး အကြောင်းကို ရှာလိုက်တဲ့ အခါမှာ သေချာပေါက်တွေ့တယ်။

အဲဒီ အမြင်မျိုးကို အထောက်အကူပြုထားတဲ့ တမလွန်ဘဝပြဿနာဆိုတဲ့ စာအုပ်လေး တွေ့ဖူးတဲ့ ပုဂ္ဂိုလ် ရှိကောင်းရှိလိမ့်မယ်။ ရှိပါလိမ့်မယ်၊ "Many Mentions" လို့ ထင်တယ်၊ အင်္ဂလိပ်လို ဖော်ပြတယ်။ အဲဒီစာအုပ်ကို အင်္ဂလိပ်လိုတော့ မဖတ်ဖူးဘူး၊ ချမ်းမြေ့ ရိပ်သာ ဆရာတော်ဘုရားကြီး ဘာသာပြန်ထားတဲ့ ဘဝပြဿနာဆိုတဲ့ စာအုပ်လေးရှိတယ်၊ အဲဒီစာအုပ် မှာ ကံကြမ္မာအကြောင်းတွေနဲ့ ပတ်သက်ပြီးတော့ ဟောစာတမ်းတွေထုတ်တယ်၊ အဲဒါကလည်း အိပ်မွေ့ ချတဲ့ ပညာရပ်နဲ့ ရောဂါဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေကို

http://www.dhammadownload.com



ရောဂါကုတဲ့ အကြောင်းတွေကို မှတ်တမ်းတင်ထားတာ၊ **အဂ္ဂါကေစီ** ဆိုတဲ့ စာရေးဆရာတစ်ယောက် ရေးထားတဲ့ အဲဒီစာအုပ် ဖတ်ဖူးတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိကောင်း ရှိပါလိမ့်မယ်၊ မဖတ်ဖူးသေးရင်တော့ အဲဒီ စာအုပ်လေး ရှာဖတ်ပေါ့။ ချမ်းမြေ့ရိပ်သာမှာ ရှိကောင်း ရှိပါလိမ့်မယ်နော်၊ အဲဒီမှာ ဟောဒီ ကံကြမ္မာရဲ့ အကြောင်းကို သရုပ်ဖော်ထားတာ၊ အဲဒီ သရုပ်ဖော်တဲ့ ပုဂ္ဂိုလ်တွေက ကံကြမ္မာအကြောင်းကို ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ဘူး၊ ယုံကြည်လက်ခံတဲ့ အယူဝါဒ ရှိသူတွေ မဟုတ်ဘူး။ အယူဘာသာတစ်မျိုးရှိတဲ့ ပုဂ္ဂိုလ်တွေ။

အဲဒီမှာ အမျိုးသမီးတစ်ယောက် Wheel chair နဲ့ သွားနေရတာ မသန်မစွမ်း ဖြစ်နေတယ်၊ အဲဒီ မသန်မစွမ်း ဖြစ်နေတဲ့ အမျိုးသမီးတစ်ယောက်ကို အိပ်မွေ့ချပြီးတော့ အိပ်မွေ့ချထားတဲ့အချိန်မှာ သူကကြည့်တယ်၊ ကြည့်လိုက်တော့ ဘာဖြစ်လို့ ဒီအမျိုးသမီးဟာ အခုလို မသန်မစွမ်း ခြေထောက်တွေ ဒူးတွေ နာနေရသလဲလို့

http://www.dhammadownload.com



သူက ကြည့်လိုက်တာ၊ အိပ်မွေ့ချပြီးတော့ ကြည့်လိုက်တော့ ဘာတွေ မြင်တုန်းဆိုရင် သူပြောတဲ့ စကားအရ ပြောရမယ်ဆိုရင် “ဒီသတ္တဝါသည်တဲ့ လွန်ခဲ့တဲ့ ခုနစ်ဘဝက ရောမခေတ်မှာ ရောမနိုင်ငံမှာ အမျိုးသမီး တစ်ယောက် ဖြစ်ခဲ့တယ်တဲ့”။ ဟောဒါ သူပြောနေတာနော်။ သူက ဒီ ကံ,ကံ၏အကျိုးကို ယုံကြည်တဲ့လူလည်း မဟုတ်ဘူး၊ ဘဝကို ယုံကြည်တဲ့လူလည်း မဟုတ်ဘူး၊ တခြားဘာသာဝင် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တယ်၊ အဲဒါပြောပြီး ဘာဆက်ပြောတုန်းဆိုတော့ “အဲဒီတုန်းကတဲ့၊ ဘာသာမတူတဲ့ ပုဂ္ဂိုလ်တွေကို ခြင်္သေ့စာကျွေးတယ်ဆိုတာ ရှိတယ်၊ အဲဒီ ခြင်္သေ့တွေ လှောင်ထားတဲ့အထဲကို အဲဒီလူကို ပစ်ချလိုက်တယ်၊ အဲဒီမှာ ခြင်္သေ့တွေက ထွက်ပြီးတော့ တိုက်ခိုက်တာပေါ့၊ အဲဒီအချိန်တုန်းက ဒီအမျိုးသမီးဟာ ထိုင်ကြည့်နေတဲ့ ပရိသတ်ထဲမယ်ပါတယ်တဲ့၊ ခုနက ရာဇဝတ်သား တစ်ယောက်ကို ခြင်္သေ့စာကျွေးတော့ ခြင်္သေ့ကနေပြီး ထွက်ကိုက်တယ်၊ သူကရုန်းတယ်၊ ပြေးတယ်၊ ခြင်္သေ့က

http://www.dhammadownload.com



လိုက်ပြီးတော့ ကိုက်တယ်၊ ဖမ်းတယ်၊ ဒါတွေကို ကြည့်ပြီး သဘောကျကာ ရယ်မောခဲ့တယ်” တဲ့။

လွန်ခဲ့တဲ့ ခုနစ်ဘဝက သူက အဲဒီလို ရယ်မောခဲ့လို့ ဒီဘဝမှာလာပြီး ဒီလို မသန်မစွမ်း ဖြစ်ရတာတဲ့။ အဲဒီ အကျိုးဆက်လို့ သူက ဒီလိုဟောတယ်၊ အိပ်မွေ့ချ ထားတဲ့ ပညာရပ်နဲ့ ဟောတာနော်။ အဲဒီစာအုပ်လေးကို ဖတ်ကြည့်ရင် တွေ့လိမ့်မယ်၊ ဒါ ဘာကို ပြောလိုတာ တုန်းဆိုတော့ ကံကြမ္မာဆိုတာ ရှိတယ် ဆိုတာကို ပြောပြတာ။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဒိဗ္ဗစက္ခု ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ ဘယ်တုန်းက ဘာလုပ်ခဲ့ တယ်၊ ဒါကြောင့် ဒါဖြစ်နေတယ်ဆိုတဲ့ ကံရဲ့ အရိပ် အယောင်တွေ အားလုံးကို မြတ်စွာဘုရားက ဖော်ထုတ် တာ။ ဒါကို **ယထာကမ္မူပဂဉာဏ်** လို့ ခေါ်တယ်။ ကံအားလျော်စွာ သတ္တဝါတွေဟာ ဖြစ်ပေါ်ပြီးတော့ နေရတယ်၊ ကံကြမ္မာရဲ့ ရုပ်ပုံလွှာတွေအတိုင်းပဲ လူ့ လောကမှာ ဖြစ်နေကြရတယ်ဆိုတာကို ပြောတာပါလို့။

http://www.dhammadownload.com



ကဲ - ဒီနေရာမယ် ဘုန်းကြီးတို့ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ် လက်ထက်တော် အခါကာလ တုန်းက ပသေနဒီ ကောသလ မင်းကြီးရဲ့ မိဖုရားတစ်ဦး ကို **မလ္လိကာဒေဝီ** လို့ ခေါ်တယ်၊ အဲဒီ မလ္လိကာမိဖုရား ဆိုတာဟာ သာမန်အရပ်သူတစ်ယောက်ပဲ၊ နန်းတွင်း သူ တစ်ယောက် မဟုတ်ဘူး၊ သူ့အဖေက ပန်းဥယျာဉ် လုပ်ပြီး ပန်းပင်တွေ စိုက်ပျိုးတယ်။ ခုခေတ်လိုဆိုရင် ပန်းခြံလုပ်ပြီး ပန်းပွင့်ရောင်းတဲ့လူ ဖြစ်ကောင်းဖြစ်မယ်။ ဟိုတုန်းကတော့ ဥယျာဉ်မှူး ဖြစ်ကောင်း ဖြစ်မယ်ပေါ့၊ အဲဒီ အမျိုးသမီးလေးက တစ်နေ့တော့ သူ အဆာပြေ စားဖို့ ဂျုံနဲ့လုပ်ထားတဲ့ မုန့် (အခုဒီ အိန္ဒိယ လူမျိုးတွေ စားတဲ့ ရိုဒီဆိုတာမျိုး၊ ချပါတီလို့ ခေါ်တာမျိုး၊ ချာပါတီ ကတော့ ဆီနဲ့ကြော်တာထင်ပါရဲ့၊ ရိုတီ ဆိုတာကတော့ ဒယ်အိုးနဲ့ အသာလေး ကင်ထားတဲ့ဟာ၊ အခြောက်၊ ဆီမပါဘူး) သုံးယှက်ကို မြတ်စွာဘုရားနဲ့ တွေ့တဲ့အခါ မှာ လှူတယ်။ **မာလာကာရ** လို့ခေါ်တဲ့ ပန်းစိုက်စားတဲ့ ဒကာရဲ့သမီးက မြတ်စွာဘုရားကို လှူလိုက်တယ်။

http://www.dhammadownload.com



မြတ်စွာဘုရားက အဲဒီမုန့်လေးဘုဉ်းပေးပြီး အဲဒီ အမျိုးသမီးကိုကြည့်ရင်း ပြုံးတော်မူလိုက်တော့ ရှင်အာနန္ဒာက မေးတယ် "အရှင်ဘုရား ဘာဖြစ်လို့တုန်း" ဆိုတော့ "ဒီအမျိုးသမီးလေးဟာတဲ့ မကြာခင်ပဲ ဘုရင်ရဲ့မိဖုရား ဖြစ်လိမ့်မယ်၊" ဟော- မုန့်လှူတဲ့ ကုသိုလ်က အကျိုးပေးလိမ့်မယ်လို့ ဒီလို မြတ်စွာဘုရားက ဟောလိုက်တာနော်။ **ပရိဖက်ဆီ** လို့ ခေါ်တာပေါ့၊ ဗျာဒိတ်ပေးတယ်ပေါ့။

တစ်နေ့ကျ သူကလဲ ပန်းခြံကိုအသွား၊ ပသေနဒီ ကောသလမင်းကြီးကလဲ အဇာတသတ်နဲ့ စစ်တိုက်ရာက ပြေးလာတယ်။ သူတို့နှစ်ယောက်ကလည်း တူအရီး တော်တယ်၊ အဇာတသတ်က သူ့တူပဲ၊ ဗိမ္ဗိသာရမင်းကြီးကို အဇာတသက်က နန်းချပြီးတော့ နောက်ဆုံးမှာ သတ်ပစ်တယ် ဆိုပါစို့၊ သတ်ပစ်လိုက်တဲ့ အခါ အဲဒီ ဗိမ္ဗိသာရမင်းကြီးရဲ့ ဒီမိဖုရား၊ အဇာတသတ် ရဲ့ အမေက ကောသလမင်းရဲ့ နှမတော် တော်တယ်၊ ဗိမ္ဗိသာရမင်းကြီးကို နန်းချပြီး သတ်ပစ်လိုက်တဲ့အခါ

4 A

http://www.dhammadownload.com



သူ့သားဖြစ်တဲ့ အဇာတသတ်ကသတ်တာ ဖြစ်သော ကြောင့် ကောသလမင်းကြီးရဲ့ နှမတော် မိဖုရားဟာလဲ ဘယ်စိတ်ချမ်းသာမလဲ၊ သူ့သားက သူ့အဖေသတ်တာ ဖြစ်မှဖြစ်ရလေခြင်းဆိုပြီး သူလည်းစိတ်မချမ်းသာလို့ ဒုက္ခရောက် နတ်ရွာစံသွားတယ်။ ကောသလမင်းကြီးက ငါ့နှမ စိတ်ဆင်းရဲပြီးတော့ သေရတာ မင်းကြောင့်ပဲလို့ ဆိုပြီးတော့ အဇာတသတ်ကိုတိုက်တာ၊ အဇာတသတ် ရဲ့ မိခင် ဒီကောသလမင်းကြီးရဲ့နှမ၊ ဗိမ္ဗိသာရမင်းနဲ့ အိမ်ထောင်ဆက်ပေးတဲ့ အချိန်မှာ ကာသိဆိုတဲ့ ရွာကလေးတစ်ရွာကို သနပ်ခါးဖိုး (ခုခေတ်လိုဆိုရင် ပေါင်ဒါဖိုး) ပေးလိုက်တာပေါ့၊ အဲဒီရွာက ထွက်တဲ့ ငွေကြေးကို အခွန်ကိုကောက်ယူပြီး မိဖုရားအတွက် ပေါင်ဒါမှုန့်ဖိုးဆိုပြီး ပေးထားတဲ့တာ၊ အဇာတသတ်ရဲ့ မိခင်၊ ကောသလမင်းကြီးရဲ့ နှမတော် အဲဒီမိဖုရား ဆုံးသွားတဲ့အခါ ကောသလမင်းကြီးက အဲဒီရွာကို ပြန်ယူမယ်၊ ဒီကောင်လူမိုက်၊ သူ့ကြောင့် ငါ့နှမသေ့ရ တယ်၊ ဒီကောင်ကို မပေးဘူးဆိုပြီး အဲဒီရွာလေး

http://www.dhammadownload.com



အကြောင်းပြုပြီး စစ်ဖြစ်တယ်။ တူအရီးနှစ်ယောက် စစ်တိုက်ကြတယ်။

အဲဒီနေ့တော့ ကောသလမင်းကြီးက ရှုံးလို့ ထွက်ပြေးလာခဲ့ရတာ၊ သူ့နောက်က စစ်သည်ဗိုလ်ပါ တွေနဲ့ကွဲပြီး မြင်းစီးကာ ပြေးမိပြေးရာ ပြေးလာတဲ့အခါ မလ္လိကာမိဖုရားဖြစ်မယ့် ကလေးမလေးရဲ့ ပန်းဥယျာဉ် ထဲကို ရောက်လာတယ်၊ ရောက်လာတဲ့အခါ အဲဒီ ကလေးမလေးက ဘုရင်ကြီးအနီး ရောက်လာတာနဲ့ တပြိုင်နက် ဒီမြင်းဇက်ကို လှမ်းဆွဲပြီး ဘုရင်ကြီးကို ဝတ်ကြီးဝတ်ငယ်ပြုတယ်၊ ပြုံးပြုံးရွှင်ရွှင်နဲ့ ဘုရင်ကြီးကို ကူညီပေးတယ်။ ကောသလမင်းကြီးကလည်း ကြောက် အားလန့်အားနဲ့ သူပြေးလာခဲ့ရတော့ မောမောပန်းပန်း နဲ့ အဲဒီမှာ လုံခြုံစိတ်ချရတော့ ဘုရင်ကြီးက တစ်ရေး တစ်မော အိပ်လိုက်တယ်။

ဒီအမျိုးသမီးလေး ဝတ္တရား ကျေပွန်မှုကို ဘုရင်က သဘောကျလာပြီးတော့ မြင်းပေါ်တင်ခေါ်သွားတယ်၊ ခေါ်သွားပြီး သူ့အိမ်ကို ပို့ပေးတယ်၊ နောက်ရက်

http://www.dhammadownload.com



ကျတော့ မင်္ဂလာဆောင် အခမ်းအနားလုပ်ပြီး အဲဒီ သတိုးသမီးလေးကို မိဖုရားမြှောက်လိုက်တယ်။ မလ္လိကာမိဖုရားလို့ ခေါ်တယ်နော်။

မလ္လိကာမိဖုရားက ဉာဏ်သိပ်ကောင်းတယ်၊ ရုပ်ကတော့ ဆိုးတယ်၊ ဒါပေမယ့်လို့ ပြုံးပြုံးရွှင်ရွှင်နဲ့ နှုတ်ချိုတယ်၊ ဝတ္တရားကျေပွန်တယ်။ အပြုအစု ကောင်းတယ်ပေါ့။ ဒါကြောင့်မို့ ဘုရင်ကြီးက သူ့ကို သဘောကျတယ်၊ သဘောကျလို့ မိဖုရားမြှောက်တာ၊ အဲဒီ မလ္လိကာမိဖုရားက ကောသလမင်းကြီးရဲ့ ဒုက္ခကို ကယ်ခဲ့တယ်။

ကောသလအိပ်မက် တစ်ဆယ့်ခြောက်ချက် ဆိုတာ ကြားဖူးတယ်နော်။ ကောသလမင်းကြီးက အိပ်မက်အရှည်ကြီးတွေမက်တာ၊ ဆယ့်ခြောက်မျိုးတောင် မက်တာ၊ အဲဒီအိပ်မက်ဆိုးကြီးတွေ သူမက်ပြီးတဲ့အခါ ပုဏ္ဏားတွေကို အိပ်မက် ဖတ်ခိုင်းတယ်၊ ပုဏ္ဏားတွေက "အရှင်မင်းတရားတဲ့၊ ဟောဒီ အိပ်မက်တွေက အတော်ဆိုးတယ်ပေါ့၊ အရှင်မင်းတရားရဲ့ အသက်

http://www.dhammadownload.com



စည်းစိမ်ဥစ္စာ ရာထူးဌာနန္တရရဲ့အန္တရာယ် ကြုံနိုင်ပါတယ်၊ ယတြာချေရမယ်” လို့ ပြောတယ်၊ ဘာယတြာချေရမတုန်းဆိုရင် ယဇ်ပူဇော်ပြီးတော့ ယတြာချေရမယ်၊ **သဗ္ဗစတုက္ကယဇ်** ဆိုတာ လေးခုစီ လေးခုစီ။ ဥပမာမယ် - နွားလေးကောင်သတ်မယ်၊ ဆိတ်လေးကောင်သတ်မယ်၊ သိုးလေးကောင်သတ်မယ်၊ လူလေးယောက်သတ်မယ် စသည်ဖြင့်ပေ့ါလေ၊ လေးမျိုးလေးမျိုး လေးမျိုးတွေနဲ့ အဲဒီလို ယဇ်ပူဇော်ရမယ်၊ အဲဒီလိုယဇ်ပူဇော်ရင်တော့ ယတြာကျေပြီး ဒီအန္တရာယ်က လွတ်နိုင်တယ်လို့ဆိုတယ်။ ကောသလမင်းကြီးက အင်မတန်မှ ညဏ်တုန်းတယ်လေ၊ **“ထောက်ံ မန္တေဓါတုကော”** တဲ့။ စဉ်းစားညဏ် တစ်ခါတစ်လေ အားနည်းတယ်၊ အားနည်းတော့ အဟုတ်ထင်ပြီး အမိန့်ပေးလိုက်တယ်။

ပုဏ္ဏားတွေက ယဇ်ပူဇော်ဖို့ လုပ်တယ်၊ နန်းတွင်းထဲမှာ ဝင်လိုက်ထွက်လိုက်နဲ့ဆိုတော့ မလ္လိကာက မြင်တယ်၊ ဘာလုပ်တာတုန်း ဘုရင်ကြီးသွားမေး၊

http://www.dhammadownload.com



ဘုရင်ကြီးက စိတ်ဆိုးတယ်၊ "ငါ့ခေါင်း မြွေကိုက်နေတာ နင်မသိဘူးလား၊ ငါ့ခေါင်းမြွေကိုက်ခံနေရတာ နင်မသိဘူးလားပေါ့၊ နင်ကတော့ အေးအေးဆေးဆေး နေတယ်၊ ငါ့မှာ ဒုက္ခတွေရောက်နေတယ်" တဲ့။

ဘာဖြစ်တာတုန်း မေးတဲ့အခါ အိပ်မက်တွေ မက်တဲ့အကြောင်း ပြောတယ်။ "အရှင်မင်းကြီး၊ အဲဒီ အိပ်မက်မက်တာကို ဘုရားကိုမေးပြီးပြီလား၊ ပုဏ္ဏား တွေ ပြောတာကို ဘာလို့ယုံတာလဲ၊ ဘုရားရှိသားပဲ၊ ဘုရားမေးကြည့်ပါလား" လို့ဆိုတော့ ဘုရင်ကြီးက အဲဒီကျမှသတိရတယ်။ ဘုရားသွားမေးတဲ့အခါ ဘုရား က "ဒီအိပ်မက်က သင့်အတွက် ဆိုးကျိုးကောင်းကျိုး ဘာမှ မပေးပါဘူးတဲ့။ နောင်ဖြစ်မယ့် ပုဗ္ဗနိမိတ်အနေနဲ့ မက်တာပါ" လို့ မိန့်တယ်။ အဲဒီခါကျမှ ယဇ်ပွဲကြီးကို ဖျက်လိုက်တယ်၊ ဒါမလ္လိကာရဲ့ ကျေးဇူးပေါ့နော်၊ ဒီလို မလ္လိကာမိဖုရားက အင်မတန်မှ ဉာဏ်ထက်တယ်။

တစ်ခါတုန်းက ဒကာကြီးတစ်ယောက် ချစ်လှစွာ သော သားလေးတစ်ယောက် သေဆုံးလို့ ငိုကြွေးပြီး

http://www.dhammadownload.com



တော့ မြတ်စွာဘုရားဆီ ရောက်လာတယ်။ မြတ်စွာဘုရားက မေးတယ်၊ “ဒကာ ဘယ့်နှယ်လဲ မျက်နှာလဲ မကောင်းပါလား ငိုလို့ယိုလို့ ဘာဖြစ်တာတုန်း” ဆိုတော့ “ဟာ- အရှင်ဘုရား၊ တပည့်တော် အင်မတန်ချစ်လှတဲ့ သားကလေး ဆုံးသွားတယ်ဘုရား၊ ဒါကြောင့် ဒီလို ဖြစ်တယ်” မြတ်စွာဘုရားက ဘာအမိန့်ရှိလိုက်တုန်း ဆိုရင် “**ပိယဇာတိကာ သောကပရိဒေဝဒေါမနဿုပါယာသာ ပိယပ္ပဘဝိ**” တဲ့။ “အေး သောကပရိဒေဝတွေ ဆိုတာ ချစ်တာက အစပျိုးတာပါ” လို့ အဲဒီလို ဟောလိုက်တာ၊ ဟုတ်လား၊ ချစ်ခင်ခြင်းက အစပျိုးလာတာပါ၊ ချစ်ခင်တာကို မြစ်ဖျားခံတာပါလို့ မြတ်စွာဘုရားက အဲဒီလို ဟောလိုက်တယ်။ အဲဒီ ဒကာကြီးက ဘုရားစကားကို လက်မခံဘူး။ “ချစ်လို့ သောကဖြစ်ရတယ်ဆိုတာ မဟုတ်ဘူး၊ ချစ်ရင် ပျော်ပဲပျော်ရမယ်၊” ဒီလို သူကယူဆတာ၊ ဟုတ်ကဲ့လား။

ကဲ- ခုခေတ်ရော တရားနာပရိသတ်တွေ ဘုရားနဲ့ သဘောတူသလား၊ ခုနက ဒကာကြီးနဲ့ သဘောတူ

http://www.dhammadownload.com



သလား၊ ဘာနဲ့သဘောတူသလဲ။ သောက ဆိုတာ ချစ်ခြင်းကစတာလို့ မြတ်စွာဘုရားက ဟောလိုက်တာ၊ သူက မဟုတ်ဘူးတဲ့၊ သောက ဆိုတာ ချစ်ခြင်းကစတာ မဟုတ်ဘူး၊ ချစ်လို့ရှိရင် ပျော်ရတယ်တဲ့။ ဟော သူ့ အတွေးကဟုတ်ရဲ့လား။ ဘုရားဟောတာ လက်မခံဘူး၊ ထသွားတယ်။

လမ်းမှာ လူတစ်စု အရက်ထိုင်သောက်နေတာ တွေ့တော့ အဲဒီလူတွေကို ပြောတယ်၊ ဂေါတမဘုရား က "သောကတို့ ပရိဒေဝတို့ ငိုရတာတို့ စိုးရိမ်နေရ တာတို့ဆိုတာ ချစ်ခြင်းက စတယ်လို့ ဟောတယ်။ ငါကတော့ လက်မခံခဲ့ဘူး" ဆိုတော့ အရက်သမား တစ်စုကလည်း သူ့ကိုဝိုင်းထောက်ခံတယ်။ "ဟုတ်တာ ပေါ့ဗျာ ချစ်တာနဲ့ သောကဖြစ်ရတယ်ဆိုတာ တစ်ခြားစီ၊ ချစ်ရင် သိပ်ပျော်စရာကောင်းတာပဲ၊ ဘယ်သောက ဖြစ်မလဲ၊ ချစ်လို့ငိုရတယ်ဆိုတာ မရှိပါဘူး" ပေါ့။ အဲဒီ စကားက ဘယ်ထိအောင် ရောက်သွားတုန်းဆိုရင် ကောသလမင်းကြီးရဲ့ နန်းတွင်းထိအောင် ရောက်

http://www.dhammadownload.com



သွားတယ်၊ သောကနဲ့ ငိုကြွေးရမှုဟာ ချစ်ခင်ခြင်းက စတာဆိုတဲ့ စကားဟာ ကောသလမင်းကြီးရဲ့ နန်းတော် ရောက်သွားတယ်။

ကောသလမင်းကြီးက မလ္လိကာကိုပြောတယ်၊ "နေစမ်းပါဦးတဲ့၊ မင်းဘုရားက ဒီလိုဟောဆိုပါလား၊ ငိုရတာတို့ စိုးရိမ်ရတာတို့ဆိုတာ ချစ်ခြင်းက စတာလို့ ဟောဆိုပါလား" တဲ့။ မလ္လိကာမိဖုရားက ဘာပြောတုန်း ဆိုတော့ "အရှင်မင်းကြီးတဲ့၊ ဘုရားဟောတယ်ဆိုရင် မှန်ပါတယ်" တဲ့။ ကောသလမင်းကြီးက မကျေနပ်ဘူး။ "မင်းက အမြဲတမ်း ဘုရားဘက်ကလိုက်တယ်၊ ဘုရား ဟောတယ်ဆိုရင် မှန်တယ် မှန်တယ်နဲ့ ငါမကျေနပ်ဘူး" ပြောပြီး မလ္လိကာကို မောင်းထုတ်လိုက်တယ်။

မလ္လိကာမိဖုရားက ဒါ ဘုရားဟောတာ ဟုတ် မဟုတ် သူစုံစမ်းမယ်ဆိုပြီးတော့ နာဠိဇင်္ဃဆိုတဲ့ ပုဏ္ဏားကြီးကို လွှတ်လိုက်တယ်၊ "ဘုရားဆီသွား၊ ဒီစကား မြတ်စွာဘုရားဟောတာ ဟုတ်သလား မဟုတ် ဘူးလား စုံစမ်းခဲ့" နာဠိဇင်္ဃ ပုဏ္ဏားကြီးက ဘုရားဆီ

http://www.dhammadownload.com



သွားပြီးတော့ "အရှင်ဘုရားတဲ့၊ မလ္လိကာက လျှောက် ခိုင်းလိုက်ပါတယ်တဲ့၊ စိုးရိမ်ရတာတို့ ငိုကြွေးရတာတို့ ဆိုတာ ချစ်ခင်မှုက အခြေခံလာတယ်ဆိုတဲ့ စကားကို အရှင်ဘုရားဟောပါသလား" တဲ့။ "အေး-ဟုတ်တယ် ငါဟောတယ်" တဲ့။ "အရှင်ဘုရား ဘယ်လိုကြောင့် ဟောတာတုန်း" ဆိုတော့ "အေး- ငါပြောပြမယ်တဲ့၊ ဟောဒီ သာဝတ္ထိပြည်မှာတဲ့ အမျိုးသမီးတစ်ယောက် သူ့မိခင်ဆုံးတဲ့အခါမှာ ရူးသွားတယ်၊ ဘာဖြစ်လို့ ရူးသွားတုန်း၊ မိခင်အပေါ်မှာချစ်လို့ ဟုတ်ကဲ့လားနော်၊ အဖေဆုံးတော့လဲ သောကတွေ ဖြစ်ပြီးတော့ ရူးသွား တယ်၊ ဘာကြောင့်တုန်းဆိုရင် အဖေကိုချစ်လို့ ဟုတ်ကဲ့ လား၊ သူ့မှာဖြစ်တဲ့ သောကသည် အမေ၊ အဖေဆိုတဲ့ အချစ်ပေါ်မှာ မူတည်တာလား" တဲ့။

ပြီးတော့ နောက်အမျိုးသမီးတစ်ယောက်ဟာတဲ့ သူနှစ်သက်သဘောကျတဲ့ အမျိုးသားတစ်ယောက်နဲ့ အိမ်ထောင်ပြုတယ်၊ မိဘတွေက သဘောမတူဘူး၊ မိဘတွေက သဘောမတူတော့ ဘာလုပ်တုန်းဆိုရင်

http://www.dhammadownload.com



သူတို့နှစ်ယောက်ကိုခွဲမယ့် အစီအစဉ်တွေ လုပ်ကြတယ်၊ ခွဲပြီးတော့ သူတို့သဘောတူတဲ့လူနဲ့ ပေးစားမယ်။ အဲဒီမှာ အဲဒီအမျိုးသမီးက သူ့မိဘတွေက အတင်းအကြပ် လုပ်လိမ့်မယ်ဆိုတဲ့ သတင်းလဲကြားရော ခုနက သူ့သံယောဇဉ်ရှိတဲ့ လူဆီကို သတင်းပို့လိုက်တယ်၊ အဲဒီလူက လာပြီးတော့ အဲဒီ အမျိုးသမီးကိုလည်း ဓားနဲ့ထိုးသတ်တယ်၊ သူကိုယ်သူလည်း ဓားနဲ့ထိုးသတ်ပြီး သေပွဲဝင်သွားကြတယ်တဲ့။ ကနေ့ခေတ် ဇာတ်လမ်းတွေနဲ့ မတူဘူးလား။

**ပိယဇာတိကသုတ်** ဆိုတာ မဇ္ဈိမနိကာယ်မှာ ပါပါတယ်။ ဒီတိုင်းပါတယ်နော်။ အဲဒါ မြန်မာလို ပြန်ပြောနေတာပေါ့၊ ဟော- အဲဒီအမျိုးသားနဲ့ အမျိုးသမီးဟာ သူတို့ချစ်ခြင်းကို ခွဲတယ်လို့ဆိုပြီး၊ ခွဲမှာစိုးလို့ဆိုပြီတော့ တစ်ဦးနဲ့တစ်ဦး သတ်ပြီးတော့ သေဆုံးသွားကြတယ်၊ အဲဒါတွေဟာ အခုပြောခဲ့တဲ့ သောကတွေ ဒုက္ခတွေ ပရိဒေဝတွေဟာ ချစ်ခြင်းက အစပြုတာလို့ မြတ်စွာဘုရားက ဒီဥပမာတွေနဲ့ ဟော

http://www.dhammadownload.com



လိုက်တယ်။ အဲဒါနဲ့ နာလိဇယ် ပုဏ္ဏားကြီးက မှတ်သားပြီးတော့ မလ္လိကာ မိဖုရားကြီးဆီ ပြန်သွားပြီး "ဟုတ်ပါတယ်၊ မြတ်စွာဘုရား ဟောတယ်" တဲ့။ ဒီလို ဒီလို အမိန့်ရှိလိုက်တယ်ဆိုတာကို ပြောပြတယ်။

မလ္လိကာမိဖုရားက ဘုရင်ကြီးဆီသွားပြီး "အရှင်မင်းကြီးတဲ့ သူတစ်ခု ပြောပါမယ်တဲ့၊ အရှင်မင်းကြီးဟာ **ဝဇိရီ** ဆိုတဲ့ သမီးတော်ကို မချစ်ဘူးလား" လို့ဆိုတော့ "ချစ်တာပေါ့တဲ့ ငါသိပ်ချစ်တာပေါ့" တဲ့ "အရှင်မင်းကြီး အဲဒီသမီးလေးဟာ မတော်တဆ တစ်ခုခုများ မပြောကောင်း ပြောကောင်း သေသွားရင် ဘယ့်နဲ့နေမတုန်း" "ဟာ ငါ့အသက်တောင် စိုးရိမ်ရလိမ့်မယ်တဲ့၊ ငါ့သမီးအပေါ်မှာ ဒါလောက်ချစ်တယ်၊ သူများသေသွားရင် ငါဘယ်နေနိုင်မှာတုန်း" "မြတ်စွာဘုရားက ဆိုလိုတာ အဲဒါပါတဲ့၊ သောကဖြစ်တယ်ဆိုတာ ချစ်ခြင်းက စတယ်လို့ဆိုတာ ဒါပြောတာပါ" လို့ တစ်ခုချင်း တစ်ခုချင်း ရှင်းပြတယ်။

http://www.dhammadownload.com



နောက် မလ္လိကာကမေးတယ် "အရှင်မင်းကြီးတဲ့၊ မဟာနာမ်မင်းကြီးရဲ့ သမီးတော် **ဝါသဘခတ္တိယ** မိဖုရားကိုရော မချစ်ဘူးလား" ဆိုတော့ "ဟာ ချစ်တာပေါ့" တဲ့။ "ဒါဖြင့် ဝါသဘခတ္တိယ မိဖုရား တစ်ခုခုများ ဖြစ်သွားရင် အရှင်မင်းကြီး ဘယ်လိုနေမတုန်း၊ စိတ်ချမ်းသာမလား" "ဟာ- ဘယ်စိတ်ချမ်းသာမလဲ၊ ငါဒုက္ခရောက်မှာပေါ့" အဲဒါကို ရွယ်ပြီး မြတ်စွာဘုရားက သောကတွေ ပရိဒေဝတွေဆိုတာ ချစ်ခြင်းကို အခြေခံတယ်လို့ဆိုတာ။

နောက် **ဝိဋူဍဘ** ဆိုတာ **ဝါသဘခတ္တိယ** နဲ့ ရတဲ့သား။ အဲဒီ ဝိဋူဍဘ ကို ငယ်ငယ်ရွယ်ရွယ်နဲ့ စစ်သူကြီးရာထူး ပေးထားတယ်။ "အဲဒီ ဝိဋူဍဘ စစ်သူကြီးကော အရှင်မင်းကြီး မချစ်ဘူးလား" ဆိုတော့ "ချစ်တာပေါ့ တဲ့၊ ငါ့သားကိုငါ အားလဲကိုးတယ်" "ဒါဖြင့် ဝိဋူဍဘ အခုအချိန်များ မတော်တဆ တစ်ခုခုဖြစ်သွားရင် အရှင်မင်းကြီး ဘယ်လိုနေမတုန်း" ဆိုတော့ "ပြော်

http://www.dhammadownload.com



ငါသောက ဖြစ်မှာပေါ့ စိတ်ဆင်းရဲမှာပေါ့ ငါ့အသက်တောင်မှ အန္တရာယ်ဖြစ်မှာပေါ့” နဲ့ ပြောတယ်။

နောက်ဆုံးကျတော့ မလ္လိကာမိဖုရားက ဘာပြောတုန်းဆိုတော့ “အရှင်မင်းကြီးတဲ့၊ ကျွန်မကိုရော မချစ်ဘူးလား” လို့ မေးတယ်၊ သူက “ဟ မင်းလဲချစ်တာပေါ့” “ကျွန်မ တစ်ခုခုများ ဖြစ်သွားမယ်ဆိုလို့ရှိရင် အရှင်မင်းကြီး ဘယ်လိုနေမတုန်း” ဆိုရင် “ဟာ- ငါလဲ ဒုက္ခရောက်မှာပေါ့” လို့ဆိုတော့ “အဲဒါတွေကို မြတ်စွာဘုရားက ရည်ရွယ်ပြီးတော့ **ပိယဇာတိကာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ** လို့ သောကတွေ ပရိဒေဝတွေ ဒုက္ခတွေ ဒေါမနဿတွေ ဥပါယာသတွေ ဆိုတာတဲ့ ချစ်ခြင်းကို အခြေပြုတာပါ”လို့ ဟောတာလို့ ရှင်းပြတယ်။

အဲဒီကျမှ ကောသလမင်းကြီးဟာ သဘောပေါက်သွားတယ်နော်၊ ကဲ- သဘောပေါက်သွားတယ်နော်။ သဘောပေါက်သွားတဲ့အခါကျတော့မှ “ဩော် မြတ်စွာဘုရားဟာ၊ ဉာဏ်ကြီးလှပါပေတယ်” ဆိုပြီး အဲဒီမှာ

http://www.dhammadownload.com



ရေတစ်ခွက် ခပ်ခိုင်းပြီးတော့ ပလုပ်တွေဘာတွေ ကျင်းပြီးတော့ နမောတဿ ဆိုပြီးတော့ ဘုရားကို ရှိခိုးလိုက်တယ်တဲ့၊ မှန်မှန်ကန်ကန် ဟောနိုင်ပါပေ တယ်တဲ့။

လူတွေက သောကတွေ ပရိဒေဝတွေ ဒုက္ခတွေ ဒေါမနဿတွေ ဥပါယာသတွေ ဆိုတာ အကောင်း တွေမှ မဟုတ်တာ၊ ဟုတ်ကဲ့လား။ အေး-ဒီလို သောက တွေ ပရိဒေဝတွေ ဖြစ်ရတာ ချစ်ခင်လို့ ဖြစ်တယ်လို့ ဆိုတာ လူတွေက သဘောမှမပေါက်ဘဲကို။ ချစ်နေလို့ ရှိရင် ပျော်ရတယ်လို့ပဲထင်တယ်၊ စိတ်ပျော်နေတယ် လို့ပဲထင်တယ်။ မဟုတ်ဘူး၊ ချစ်ခင်မှုသည် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတို့ကို ဖြစ်ပွားစေနိုင်တယ် ဆိုတာကို မြတ်စွာဘုရားက ဒီလိုရှင်းပြတယ်တဲ့၊ မလ္လိကာမိဖုရားက အဲဒီလောက် အသိဉာဏ်ထက် တယ်။ သူက ဘုရင်ကြီးရဲ့ မှားယွင်းနေတဲ့ အယူအဆ တွေကိုလည်း သူက ပျောက်အောင်လုပ်ပေးတယ်။

http://www.dhammadownload.com



အဲဒီ မလ္လိကာမိဖုရားက တစ်နေ့ကျတော့ မြတ်စွာဘုရားကို မေးခွန်းတွေလာမေးတယ်။ ကံကြမ္မာရဲ့ ရုပ်ပုံလွှာများနဲ့ ပတ်သက်တဲ့ မေးခွန်းလေးတစ်ခု မေးတယ်။ ဒီနေရာမှာ မေးခွန်းမေးတဲ့သူက အမျိုးသမီး မလ္လိကာမိဖုရား ဖြစ်သည့်အတွက်ကြောင့် အမျိုးသမီး တွေကိုပဲဟောတာ ဆိုပေမယ့် အမျိုးသားတွေနဲ့လဲ ဆိုင်တယ်လို့ မှတ်ထားသင့်တယ်။ ဘဝ ရ,ထားတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ ကံကြမ္မာရဲ့ ရုပ်ပုံလွှာတွေ ကံကြမ္မာပန်းချီဆရာဆွဲတဲ့ ရုပ်ပုံအတိုင်းပေါ်မှာဆိုတာ သေချာတယ်။

မလ္လိကာမိဖုရားက ဘာမေးတုန်းဆိုရင် "အရှင်ဘုရားတဲ့၊ တစ်ချို့ အမျိုးသမီးတွေဟာ ရုပ် အင်မတန်ဆိုးတယ်တဲ့၊ အရုပ်ဆိုး အကျည်းတန်တယ်၊ ဘယ်လိုကြည့်လို့မှ မလှဘူး၊ အရုပ်ဆိုး အကျည်းတန်ရုံ မကဘူးတဲ့၊ စားစရာသောက်စရာ ကိုယ်ပိုင်ဥစ္စာ မရှိလောက်အောင် မွဲလည်းမွဲတယ်တဲ့။ အရှိန်အဝါ ဘာညာ ဆိုတာလည်း တစ်ခုမှမရှိဘူးတဲ့၊ အရှိန်အဝါလဲ သေးသိမ်

http://www.dhammadownload.com



တယ်။ ဒီလို အမျိုးသမီးမျိုး ရှိပါတယ်ဘုရားတဲ့၊ ရုပ်လည်း ဆိုးတယ်၊ ပစ္စည်းဥစ္စာလည်း မရှိဘူး၊ အရှိန်အဝါလဲ မရှိဘူးတဲ့ အဲဒီလို အမျိုးသမီးမျိုးလည်းရှိတယ်။

အရှင်ဘုရားတဲ့၊ တချို့ အမျိုးသမီးတွေကတော့တဲ့ ရုပ်တော့ဆိုးတယ် ဘုရားတဲ့၊ ဒါပေမယ့်လို့ ချမ်းသာတယ်၊ အရှိန်အဝါတွေရှိတယ်၊ ဟောဒီလို အမျိုးသမီးကော မရှိဘူးလား? ရှိတယ်။

နောက် တချို့အမျိုးသမီးကတော့တဲ့ ရုပ်ကတော့ လှပါရဲ့၊ ပစ္စည်းဥစ္စာက မွဲတေတယ်၊ အရှိန်အဝါ မရှိဘူးတဲ့၊ ဒီလို တတိယအမျိုးသမီးလည်း ရှိတယ်တဲ့။

နောက် စတုတ္ထအမျိုးအစား အမျိုးသမီးကတော့ ရုပ်လည်းလှတယ်၊ ပစ္စည်းဥစ္စာလည်း ပေါတယ်။ အရှိန်အဝါလဲရှိတယ်။ အမျိုးသမီးလေးမျိုး- နံပါတ်(၁)က အရုပ်ဆိုးမွဲ အရုပ်ဆိုးတယ် ပစ္စည်းမွဲမယ်။ နံပါတ်(၂)က အရုပ်ဆိုးတယ် ပစ္စည်းချမ်းသာတယ်။ နံပါတ်(၃)က ရုပ်လှတယ် ပစ္စည်းမွဲတယ်၊ ရုပ်လှတယ် မွဲတယ်။ နံပါတ်

http://www.dhammadownload.com



(၄)က ရုပ်လှတယ် ချမ်းသာတယ်။ ဟော အမျိုးသမီး လေးမျိုးရှိတယ်။

အဲဒီလို ကွဲပြားခြားနားနေတာ ဘာကြောင့်တုန်း ဘုရား” လို့ မလ္လိကာမိဖုရားကြီးက မြတ်စွာဘုရားကို လျှောက်တယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဖြေ တယ်၊ “အေး လွန်ခဲ့တဲ့ ဘဝတွေတုန်းက နံပါတ်(၁) အမျိုးသမီးဟာ ထစ်ကနဲရှိ ဒေါသထွက်တယ်၊ စိတ်တို တယ်၊ ဘာလေးပြောပြော မခံနိုင်ဘူး၊ ကက်ကက်လန် ရန်တွေ့တယ်၊ ထစ်ကနဲရှိ ဒေါသဖြစ်တယ်၊ ဒေါသ ဖြစ်ပြီး အတော်နဲ့လည်း မကျေချင်ဘူး၊ ဆောင့်လို့ အောင့်လို့ ဟုတ်လား၊ ရန်ဖြစ်တယ် ဒေါသကြီးတယ်၊ ဟော- အဲဒီလို အမျိုးသမီး အတိတ်ဘဝတုန်းက သူက လုပ်ခဲ့တယ်။ ဘယ်သူ့ကိုမှ ထမင်းခဲဘွယ် စတဲ့ လှူစရာ တန်းစရာတွေကို ပေးတာကျွေးတာလည်း မလုပ်ခဲ့ဘူး တဲ့၊ သူတစ်ပါးတွေ ကြီးပွားနေလို့ရှိရင်လဲ မနာလိုစိတ် ဖြစ်တယ်တဲ့ (ဘယ်နှစ်ခုတုန်း? (၃)ခုနော်) စိတ်တို

http://www.dhammadownload.com



တယ်, အလှူအတန်း မလုပ်ဘူး **ကြွဿာ** ဖြစ်တယ်၊ မနာလိုဖြစ်တယ်၊ အဲဒီ အကုသိုလ်ကံတွေ သူ့သန္တာန်မှာ ဖြစ်ခဲ့သည့်အတွက်ကြောင့် အဲဒီ အကုသိုလ်ကံတွေကို အများကြီး သူ့ရဲ့စိတ်အစဉ်ထဲမှာ စုဆောင်းမိလို့ လူ့ဘဝ ရောက်လာတဲ့အခါ အဲဒီ ကံကြမ္မာပန်းချီဆရာကနေပြီး ရုပ်ပုံခြယ်လိုက်တဲ့အခါမှာ၊ စုတ်နဲ့ဆေးနဲ့ ခြယ်လိုက်တဲ့ အခါမှာ ပေါ်လာတဲ့ ရုပ်ပုံက မ,ရုပ်ဆိုးတဲ့။ ဟုတ်လား မ,ရုပ်ဆိုးပုံ ပေါ်လာတယ်။

အို- မွဲလိုက်တာလည်း လွန်ရော ကုန်းကောက် စရာတောင် မရှိဘူး၊ ထဘီကိုက အဖာဖာအထပ်ထပ် အများကြီး ဖာထားတာ ဝတ်နေရတာ၊ ဂုဏ်သရေလဲ မရှိဘူးတဲ့၊ ဟောဒါ နံပါတ်(၁)။ ဒါဟာ ကံကြမ္မာရဲ့ ရုပ်ပုံလွှာပဲနော်၊ ကိုရုပ်ဆိုးတို့လည်း ဒီလိုပဲ ဖြစ်မှာပေါ့ နော်၊ ကိုရုပ်ဆိုးတို့လည်း ဒါမျိုးလုပ်ခဲ့ရင်တော့ ကိုရုပ်ဆိုး ဖြစ်မှာ သေချာတယ်ပေါ့။

ကဲ-ဒုတိယကတော့ သူက စိတ်တော့ တိုတယ် တဲ့၊ ဒါပေမယ့် ပေးတယ် ကမ်းတယ် လှူတယ် တန်း

http://www.dhammadownload.com



တယ်၊ စိတ်တော့ အင်မတန်တိုတယ်၊ စိတ်ဆတ်တယ်၊ အဲဒီအမျိုးသမီးက ဖြစ်လေရာ ဖြစ်လေရာ ဘဝမှာ အရုပ်ဆိုး အကျည်းတန်တယ်၊ ဒါပေမယ့်လို့ ပစ္စည်းဥစ္စာ ချမ်းသာတယ်တဲ့၊ လူတကာက လေးစားလောက်တဲ့ အရှိန်အဝါရှိတယ်၊ ဟောဒါ ဒုတိယအမျိုးသမီး။

တတိယ အမျိုးသမီးကတော့ စိတ်မဆိုးတတ်ဘူးတဲ့၊ အရာရာမှာသည်းခံတယ်၊ ပြုံးပြုံးပဲနေတယ်၊ ဒေါသတွေ စိတ်ထဲမှာ မထားဘူးတဲ့၊ အမှတ်မထားဘူး၊ အတော်နဲ့ စိတ်မဆိုးတတ်ဘူး၊ သူက ပြုံးပြုံးရွှင်ရွှင်နဲ့ပဲ နေတတ်တယ်၊ သို့သော် သူက အလှူအတန်းမလုပ်ဘူး၊ **ဣဿာ မစ္ဆရိယ** ရှိတယ်။ အဲဒီ အမျိုးသမီးဟာ ဖြစ်လေရာဘဝမှာ စိတ်မဆိုးသည့်အတွက်ကြောင့် မ,ချော တော့ဖြစ်ပါရဲ့။ မလှူခဲ့လို့ မ,မွဲဖြစ်နေတယ်။ ဟုတ်ကဲ့လား၊ ဆင်းရဲမွဲတေသူ ဖြစ်နေတယ်။

နောက် စတုတ္ထအမျိုးသမီးကျတော့ သူကစိတ်လဲ မဆိုးတတ်ဘူး၊ အင်မတန်မှ သည်းခံတဲ့စိတ်ရှိတယ်၊ အလှူအတန်း ဝါသနာပါတယ်၊ ဘယ်သူ့ကိုမှ **ဣဿာ**

http://www.dhammadownload.com



မနာလိုတဲ့စိတ်တွေ မဖြစ်ဘူးတဲ့၊ အဲဒီ အမျိုးသမီး ကတော့ ရုပ်ချော ဥစ္စာပေါပဲဟုတ်လား၊ ဂုဏ်သရေရှိတဲ့ အမျိုးသမီး လာဖြစ်တယ်တဲ့။ ဒါက ကံကြမ္မာက ပေးလိုက်တဲ့ ရုပ်ပုံလွှာတွေပဲ၊ ဒါက ကံပန်းချီဆရာက ဆွဲပေးလိုက်တာ၊ ဘယ် ထာဝရဘုရားကမှ ဖန်ဆင်း ပေးတာ မဟုတ်ဘူးတဲ့၊ လိပ်ပြာလေး တစ်ကောင်ရဲ့ အတောင်မှာ ပန်းချီခြယ်ထားတာ စိတ်ကူးထက်တောင် မှ လှသေးတယ်၊ ဘယ်လိုလုပ်ပြီး အသေးစိတ် ဖန်ဆင်း နိုင်မှာတုန်းနော်။

အေး- ကံကြမ္မာတို့ သညာတို့ လူ့စိတ်ရဲ့ အမှတ် သညာတို့ဆိုတာ အင်မတန်မှ ထူးဆန်းတယ်တဲ့၊ စွမ်းအားကြီးမားတဲ့ အရာတွေ ဖြစ်တယ်။ ဒါကြောင့် ကံကြမ္မာက ဖန်တီးထားတဲ့ ရုပ်ပုံလွှာတွေကို လူတိုင်း လူတိုင်းဟာ ရနေကြတာဖြစ်တယ်" လို့ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်က အဲဒီမေးခွန်းကို ဒီလိုဖြေခဲ့ပါ တယ်၊ "**မလ္လိကာသုတ်**" ဆိုတာ အင်္ဂုတ္တရမှာ ရှိတယ်။

http://www.dhammadownload.com



အဲဒီလို ဖြေလိုက်တဲ့အခါ မလ္လိကာမိဖုရားက "အရှင်ဘုရားတဲ့၊ ဒီလိုဆိုလို့ရှိရင် တပည့်တော် ဟိုဘဝတုန်းက ခဏခဏ စိတ်တိုတတ် စိတ်ဆိုးတတ်တဲ့ အမျိုးသမီး ဖြစ်ခဲ့ပါလိမ့်မယ်တဲ့၊ ဒါကြောင့်မို့ တပည့်တော် ဒီဘဝမှာ အရုပ်ဆိုး အကျည်းတန်တယ် ဘုရားတဲ့၊ သို့သော်လဲ တပည့်တော် ဟိုဘဝတုန်းက လှူခဲ့တန်းခဲ့လို့ သူများအပေါ် မှာ မနာလိုဣဿာတွေ မထားခဲ့သည့်အတွက်ကြောင့် အခုတပည့်တော်ဟာ မိဖုရားဖြစ်ရတယ်၊ ဩဇာအာဏာရှိတယ် ဘုရားတဲ့၊ ပစ္စည်းဥစ္စာလဲ ချမ်းသာတယ်"

မလ္လိကာက ရုပ်ဆိုးတယ်၊ ရုပ်ဆိုးပေမယ့်လို့ မိဖုရားဖြစ်ပြီးတော့ သူ့လက်အောက်မှာ အမျိုးသမီးတွေ အများကြီး၊ သူက ဩဇာအာဏာလဲ ရှိတယ်၊ အဲဒါကြောင့် သူက သန္နိဋ္ဌာန် ချလိုက်တယ်။ "အရှင်ဘုရား ဒီနေ့ကစပြီး တပည့်တော် စိတ်မဆိုးတော့ပါဘူး" တဲ့။ ဟော- အားလုံး အဲဒီအတိုင်း မလိုက်နာသင့်ဘူးလား။ သိတတ်တဲ့ဘဝမှာ ဒီကနေ့ကနေစပြီးတော့ စိတ်မတို

http://www.dhammadownload.com



တော့ပါဘူး၊ စိတ်မဆိုးတော့ပါဘူး၊ စိတ်ထဲမှာ မကျေမနပ်တာတွေ နှလုံးထဲ ရင်ထဲမှာ မထားတော့ပါဘူး၊ အားလုံးကို သည်းခံခြင်း ခွင့်လွှတ်ခြင်းဆိုတဲ့ မေတ္တာတရားပဲ ထားမယ်။ စိတ်ဆိုးတာ၊ အလိုမကျတာ ငါတစ်ခုမှမထားပါဘူးဆိုတဲ့စိတ် ထားလိုက်ရင် ဘယ်လောက် ကောင်းမလဲပေ့ါဟုတ်ကဲ့လား၊ အေး- မလ္လိကာကတော့ အဲဒီလို အမိန့်ရှာန်ချလိုက်တယ်။ "အရှင်ဘုရားတဲ့၊ တပည့်တော် ဒီနေ့ကနေစပြီးတော့ ဒေါသဆိုတာမဖြစ်အောင် တပည့်တော်ထိန်းပါမယ်" တဲ့၊ စိတ်မဆိုးတော့ပါဘူး၊ တပည့်တော် ကြိုးကြိုးစားစား ဒါနကောင်းမှုတွေကိုလည်း ဆက်ပြီးတော့ လုပ်ပါ့မယ်၊ ဘယ်သူ့ကိုမှလည်း မနာလိုဣဿာဆိုတာ မရှိစေရပါဘူး ဘုရား" လို့ မလ္လိကာမိဖုရားက အဲဒီသုတ္တန်မှာ လျှောက်ထားသွားတယ်။

မလ္လိကာ မိဖုရားကြီးဟာ အင်မတန် ဉာဏ်ထက်ပေမယ့်လို့၊ ကောသလမင်းကြီးကို အကြိမ်ကြိမ် ကူညီခဲ့ပေမယ့်လို့ သေခါနီး အချိန်မှာတော့ ကံဆိုးသွားရှာ

http://www.dhammadownload.com



သေးတယ်၊ ဘာဖြစ်လို့ ကံဆိုးသွားတုန်းဆိုတော့ သူ မဟုတ်တဲ့ အလုပ်တစ်ခု သွားလုပ်မိသွားတယ်၊ မဟုတ်တဲ့ အလုပ်တစ်ခုကို သွားလုပ်မိပြီးတဲ့အခါမှာ အရှက်ရတဲ့အလုပ် ဖြစ်နေသည့်အတွက်ကြောင့် လိမ်လိုက်တယ်။ ဘုရင်ကြီးကလည်းပဲ အင်မတန်ဉာဏ်နည်းတာဆိုတော့ သူပြောတာယုံတယ်။ နောက်ပိုင်းကျတော့မှ အဲဒီလိုအရှက်ရတဲ့ ကိစ္စတစ်ခုကို လိမ်ထားပြီးတော့ သူ့စိတ်ထဲမှာ စိတ်မချမ်းမသာ ဖြစ်သွားတယ်။ "ဩော်- ငါလိမ်တာကို ကျောင်းတော်က ဘုရားလဲသိလိမ့်မယ်၊ ရှင်သာရိပုတ္တရာတို့လည်း သိကြမှာပဲ၊ ရှင်မောဂ္ဂလာန်တို့လဲ သိကြမှာပဲ၊ ငါလုပ်တာ ငါဘယ်လိုပဲ ဖုံးကွယ်ဖုံးကွယ် သူတို့အားလုံး သိနေကြမှာပဲ" ဆိုပြီးတော့ ရှက်တဲ့စိတ် သောကဖြစ်တဲ့စိတ် ဝမ်းနည်းတဲ့စိတ်တွေနဲ့ သေသွားသည့်အတွက်ကြောင့် ငရဲကျသွားရှာတယ်။

ကြည့်နော်- သေတဲ့အခါ ဒေါမနဿ စိတ်ထဲမှာ နှလုံးမသာမယာ ဖြစ်တာ၊ သောကနဲ့ ဒေါမနဿဟာ သဘာဝခြင်း တူသော်လည်းပဲ ဖြစ်ပုံခြင်းမတူဘူး။

http://www.dhammadownload.com



**သောက** ဆိုတာ ကိုယ်နှစ်သက်တဲ့ အရာတစ်ခု ပျက်စီးတော့မယ်ဆိုရင် စိုးရိမ်တာ၊ မဖြစ်စေချင်တဲ့ အရာတစ်ခု ဖြစ်တော့မယ်ဆိုရင် စိုးရိမ်တာ၊ ဖြစ်ပြီး သွားရှင်စိုးရိမ်တာ၊ ဥပမာမယ် ဆိုပါတော့ ကိုယ့်ဆွေထဲ မျိုးထဲကနေပြီးတော့ တစ်စုံတစ်ယောက် ဆုံးပါးတော့ မယ်ဆိုရင် စိုးရိမ်တယ်၊ ဆုံးသွားတယ်ဆိုရင် စိုးရိမ် တယ်၊ အဲဒါ **သောက**။ **ဒေါမနဿ** ဆိုတာ အဲဒီလို မဟုတ်ဘူး၊ တစ်ခုခု မှားမှားယွင်းယွင်း လုပ်မိပြီးတော့ စိတ်ထဲမှာ တစ်အုံနွေးနွေးနဲ့ စိတ်မချမ်းမသာ ဖြစ်နေ တာ ဒေါမနဿ။ ပျက်စီးဆုံးရှုံးမှုနဲ့ မဆိုင်ဘူး၊ အဲဒီ ဒေါမနဿကြောင့် သေသွားတဲ့အခါ ဘယ်ရောက်သွား တုန်းဆို ငရဲကျသွားတယ်။

ကံဆိုတာ ဘယ်သူ့မှ မျက်နှာသာမပေးဘူးနော်၊ ဟုတ်ကဲ့လား။ ငရဲကျနိုင်လောက်တဲ့ကံဆိုရင် ငရဲပို့ လိုက်မှာပဲ၊ လူ့ပြည်ရောက်စေနိုင်တဲ့ကံဆိုရင် လူ့ပြည် ပို့လိုက်မှာပဲ။ အားလုံးဟာ ကံကြမ္မာကနေပြီးတော့ ပို့ဆောင်နေတာတွေချည်းပဲ၊ အဲဒီ ကံကြမ္မာ အားလုံး

http://www.dhammadownload.com



ဟာ ဘယ်မှာဖြစ်တုန်းဆိုရင် ကိုယ့်သန္တာန်မှာဖြစ်တာ၊ ကိုယ့်သန္တာန်မှာဖြစ်တာမှ ကိုယ်က မနိုင်ဘူးဆိုရင် ဘယ်သူ့အပြစ်လို့ပြောမလဲ? ကိုယ့်အပြစ်ပဲ ရှိတော့တယ် ဟုတ်ကဲ့လား။ ကိုယ့်သန္တာန်မှာရှိတာ ကိုယ်နိုင်အောင်ထိန်းဖို့ လိုလာပြီ၊ ဒါကြောင့်မို့ ကိုယ့်စိတ်ကို ကိုယ်ထိန်းရမယ်၊ ကိုယ့်စိတ်ကို ဖြူစင်အောင် လုပ်ရမယ် ဆိုတာ အဲဒါပြောတာ။

အေး- မလ္လိကာမိဖုရားက သေကာနီးမှာ ကံမကောင်းရှာလို့ ငရဲကျသွားပေမယ့်လို့ သူလုပ်ခဲ့တဲ့ ကုသိုလ်ကံရဲ့ အရှိန်အဝါတွေက ဒီအတိုင်း ကြည့်မနေဘူး၊ အဲဒီငရဲကိုချလိုက်တဲ့ကံက ခုနက မကောင်းတဲ့ အမှုကို လုပ်ပြီးတော့ စိတ်ထဲမှာ တစ်အုံနွေးနွေး ဖြစ်နေတဲ့၊ ဝမ်းနည်းနေတဲ့ ဒေါမနဿ၊ ဒေါသနဲ့ယှဉ်တဲ့ ဒေါမနဿက ငရဲကိုပို့လိုက်တာ၊ လက်ဦးမှုနဲ့ ပို့လိုက်တာ။

သို့သော် မြတ်စွာဘုရားနဲ့တွေ့ပြီး တရားဓမ္မတွေကို နာယူခဲ့တယ်၊ ကုသိုလ်ကောင်းမှုတွေ လုပ်ခဲ့တယ်၊

http://www.dhammadownload.com



မကြာခဏ ဆွမ်းကပ်တယ်၊ ဘုရားနဲ့ ပတ်သက်ပြီး တရားတွေ နာတယ်၊ တရားတွေ လေ့လာတယ်၊ တရားတွေ အားထုတ်တယ်။ အဲဒီကုသိုလ်တွေက ဒီအတိုင်း ကြည့်မနေဘူး၊ ကြည့်မနေဘဲနဲ့ သူတို့က ဥပစ္ဆေဒက ဥပဃာတက ကံမျိုးအနေနဲ့ ငရဲမှာ ကြာကြာမထားဘူး၊ တစ်ပတ်ကြာတော့ လွတ်သွားတယ်၊ ဟုတ်ကဲ့လား။

ဘယ်သူက ကယ်လိုက်တာတုန်းဆိုရင် ခုနက ဘုရားဆီမှာ တရားနာခဲ့တာတွေ၊ ကုသိုလ်ကောင်းမှု တွေ လုပ်ခဲ့တာတွေ အဲဒါတွေက နေပြီးတော့ ကြည့် မနေဘူး၊ အကုသိုလ်ကံရဲ့ အကျိုးကို ဖြတ်တောက်ပစ် လိုက်တယ်၊ သူတို့က ဖြတ်ပြီးတော့ သူတို့ကနေ ဘယ် ပို့လိုက်တုန်းဆိုရင် နတ်ပြည်ကို ပို့ပေးလိုက်တယ်တဲ့။ အဲဒီဇာတ်လမ်းကိုလည်း ဓမ္မပဒထဲမှာ ပြဆိုထားတာ ရှိတယ်။

ကောသလမင်းကြီးက မလ္လိကာ မိဖုရားကို အားကိုးတယ်၊ သိပ်အားကိုးတယ်။ မိဖုရားတွေထဲမှာ ထက်ထက်မြက်မြက် အလွန်ရှိ၊ ဝတ္တရားလည်း အလွန်

http://www.dhammadownload.com



ကြေတယ်၊ ဖော်ရွေတယ်၊ သွက်လက်တယ်၊ ချက်ချာတယ်။ ဒါကြောင့်မို့ မလ္လိကာမိဖုရားကို သိပ်အားကိုးတယ်၊ မလ္လိကာမိဖုရား မရှိတဲ့အခါမှာ ကောသလမင်းကြီးက တော်တော်စိတ်ဆင်းရဲတယ်၊ မလ္လိကာမိဖုရား ဘယ်ရောက်တုန်းဆိုတာ သိချင်လို့ ဘုရားဆီကို သွားတာ။ ပထမနေ့သွားပြီး ဘုရားဆီရောက်တော့ စကားစမြည်ပြော၊ မေ့ပြီးတော့ မေးမယ့်မေးခွန်း မမေးခဲ့ဘူး။ ဒုတိယနေ့သွား မေ့လာတယ်၊ တတိယ, စတုတ္ထ, ပဥ္စမ, ဆဋ္ဌမ, သတ္တမနေ့ထိအောင် ခုနစ်ရက်ထိအောင် သွားတယ် မေ့လာတယ်၊ ရှစ်ရက်မြောက်နေ့ကျတော့မှ သွားမေးတော့ နတ်ပြည်ရောက်သွားတယ်၊ အဲဒီတော့ မြတ်စွာဘုရားက နတ်ပြည်ရောက်တယ်လို့ ဖြေတယ်။

အကယ်၍သာ ဟိုရက်တွေမှာ သူ မေးခွန်းမေးမိလို့ မြတ်စွာဘုရားက ငရဲကျတယ်လို့ဖြေရင် ဒီဘုရင်ကြီးက ဉာဏ်နည်းသူဆိုတော့ ဗုဒ္ဓဘာသာအဖြစ်က စွန့်ရင်စွန့်သွားမှာ၊ ကောသလမင်းကြီးဆိုတာ အစားကြီးပြီး အသိဉာဏ်နည်းတယ်။ မြတ်စွာဘုရားက နောက်ဆုံး

http://www.dhammadownload.com



ခုနစ်ရက်ကျော်မှ သူ့သတိကိုရစေတယ်။ နတ်ပြည်ရောက်သွားတယ်လို့ ဖြေတော့ "ဒီလိုအမျိုးသမီးမျိုးမှ နတ်ပြည်မရောက်ရင် ဘယ်သူရောက်မတုန်းဘုရား၊ အိမ်မှာဆိုရင် ချက်လို့ပြုတ်လို့ အရှင်ဘုရားတို့အတွက်ပဲ အမြဲတမ်းစီမံနေတယ်၊ အားလုံးဟာ အိမ်မှာသူရှိရင် သာသာယာယာ စည်စည်ပင်ပင်နဲ့ ဟိုလူ့ကျွေး ဒီလူ့ကျွေး အကုန်လုံး သွက်သွက်လက်လက် ချက်ချက်ချာချာ ကုသိုလ်ကောင်းမှုရေးမှာ အမြဲတမ်း လှုပ်ရှားနေတာ၊ သူ့လိုလူမှ နတ်ပြည်မရောက်ရင် ဘယ်လိုလူရောက်မှာတုန်း" ကောသလမင်းကြီးက ဝမ်းသာအားရ ပြောတယ်ဆိုတဲ့ စကားလဲ ဓမ္မပဒ အဋ္ဌကထာမှာ မှတ်တမ်းတင်ထားတာ ရှိပါတယ်နော်။

အေး- ဒါကြောင့် တရားချစ်ခင် သူတော်စင် ပရိသတ်တို့သည် **"ကံကြမ္မာရဲ့ ရုပ်ပုံလွှာ"** ဆိုတာ ဒီဘဝမှာ ဘုန်းကြီးတို့တစ်တွေ ရထားတဲ့ ရုပ်ပုံလွှာသည် ဘယ်သူကပေးထားတဲ့ ရုပ်ပုံလွှာတုန်း? ကံကြမ္မာက ပေးထားတဲ့ ရုပ်ပုံလွှာတဲ့၊ ကံကြမ္မာက ပေးထားတဲ့

http://www.dhammadownload.com



ရုပ်ပုံလွှာကို ရကြမှာဖြစ်သောကြောင့် မိမိတို့သည် ကောင်းတာလုပ်လည်း ကိုယ်နဲ့ပဲ သက်ဆိုင်တယ်၊ မကောင်းတာလုပ်လည်း ကိုယ်ပဲ အမွေခံရမယ်၊ **ကမ္မဒါယာဒါ** ကံအမွေကို အားလုံးခံကြရမှာ ဖြစ်တယ်၊ ကံကြမ္မာကပေးတဲ့ ရုပ်ပုံလွှာမှာ အရုပ်ဆိုး အကျည်းတန် ဘဝမှာ အခြေအနေမကောင်းတဲ့ အနေအထား မျိုး မရစေရအောင် အခုအချိန်ကစပြီး သတိကြီးစွာ ထားပြီး ကောင်းတဲ့ကံတွေ မိမိတို့သန္တာန်မှာဖြစ်အောင် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

http://www.dhammadownload.com

# ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီး ထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ် ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြု လျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဓမ္မ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

http://www.dhammadownload.com

# အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ


- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အစီပွါယ်

http://www.dhammadownload.com

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမဂ္ဂါ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

http://www.dhammadownload.com


၄၂။ လွတ်မြောက်တဲ့စိတ်

၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်

၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)

၄၅။ တရားသိလျက် အကျင့်ခက်

၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ

၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်

၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်

၄၉။ ရတနသုတ်အနှစ်ချုပ်

၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား

၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြွေးမှာဝင့်ကြွေးများ

၅၂။ အထင်များ အမြင်များ

၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်

၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး

၅၅။ နန္ဒိ ဒုက္ခဿ မူလံ

၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း

၅၇။ အားပေးစကား

၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်

၅၉။ ဘေသဇ္ဇဂုရု

၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ

၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ

၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

http://www.dhammadownload.com

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူ့တိုင်းမှာ
၇၉။ ဒဏ္ဍိကာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

http://www.dhammadownload.com

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနသတိသုတ်အနှစ်ချုပ်
၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၁၀၅။ ဓမ္မသံဝေဂနှင့် ဘဝဆည်းဆာ

http://www.dhammadownload.com

၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com